# MAKING GOOD DECISIONS

## ကောင်းမွန်သောဆုံးဖြတ်ချက်များပြုလုပ်ခြင်း (ချမှတ်ခြင်း)

**ရည်ရွယ်ချက်များ**

၁။ သင်တန်းသူ၊ သားများသည်ရှုထောင့်မျိုးစုံမှစဉ်းစားတွေးခေါ်ခြင်းသည်တိုးတက်မှုတစ်ခုဖြစ်ကြောင်းဆွေးနွေးခြင်းများပြုလုပ်ရန်နှင့် ဆုံးဖြတ်ချက်များပြုလုပ်ရာတွင်ကျိုးကြောင်း ဆီလျော်စွာပြုလုပ်နိုင်ကြောင်းနားလည်သဘောပေါက်လာစေရန်။

၂။ သင်တန်းသူ၊ သားများသည်မိမိတို့၏ပြုမူခြင်းနှင့်၄င်း၏အကျိုးဆက်များ၊ ရလဒ်များတွင်မိမိတို့တာဝန်ယူရန်လိုအပ်ကြောင်းနားလည်သဘောပေါက်လာစေရန်။

| နည်းစနစ် | အချိန် | ဗဟုသုတ |
|---|---|---|
| ပုံပြင်– အလွန်ထက်မြက်သောအသက်(၂၀)အရွယ်ရှိအမျိုးသမီးငယ်တစ်ဦးသည်ဆေးပညာ(သို့)တက္ကသိုလ်တစ်ခုတွင်ပညာသင်ယူရန်(သို့)မိသားစု၏လုပ်ငန်းဖြစ်သောကျောက်မျက်ရတနာလုပ်ကိုင်ရမည်လားဆိုသည်ကိုဆုံးဖြတ်ချက်ချရန်ကြိုးစားနေသည်။ | ၁၀မိနစ် | ၁။ အကယ်၍ဤအရာကကောင်းမွန်သည်ဟုခံစားရလျှင်စိတ်၏စေညွှန်ရာအတိုင်းပြုလုပ်ပါ။<br>၂။ သင်၏ဆုံးဖြတ်ချက်ချရာတွင်အထောက်ဖြစ်စေမည့်အရာများကိုအခြားသူများထံမေးမြန်းပါ။ ဥပမာ– ဆရာများ၊ အသက်ကြီးသူများ၊ မိဘ။ |
| သူမ၏သူငယ်ချင်း(၆)ဦးတို့သည်သူမဆုံးဖြတ်ချက်ချရာတွင်ကျေနပ်ဖွယ်ဖြစ်သောအကြံဉာဏ်များကိုစာရွက်ပေါ်တွင်ရေးချ၍သူမထံယူဆောင်လာကြသည်။ (ဗဟုသုတစာမျက်နှာတွင်) သူမ၏အခန်းထဲသို့တစ်ယောက်ပြီးတစ်ယောက်ဝင်၍ထိုအကြံပေးစာများကိုပေးကြသည်။ သူမသည်သူငယ်ချင်းများ၏အကြံဉာဏ်များကိုလက်ခံဆုံးဖြတ်နိုင်ရန်လူအချို့ထံသွားမေးမြန်းဆွေးနွေးခဲ့သည်။ (မိဘ၊ ဆရာနှင့် ဗေဒင်အတတ်)သူတို့၏အကြံဉာဏ်အားလုံးသည်သူမအတွက်အမှန်တကယ်ကောင်းမွန်ခြင်းမရှိဘဲသူမစိတ်ကိုရှုတ်ထွေးစေသည်။ | | ၃။ သင်၏သူငယ်ချင်းများပြုလုပ်သည့်အတိုင်းလုပ်ပါ။ ဖိအားများနှင့်ရှိနေပြီးအများလုပ်သည့်အတိုင်းလိုက်လုပ်ပါ။<br>၄။ ကျွန်ုပ်တို့၏ယဉ်ကျေးမှု၊ မိသားစုထုံးစံနှင့်ရိုးရာအတိုင်းလိုက်လုပ်ပါ။ ပြောင်းလဲရန်အတွက်လှေပေါ်ရှိလူများဒုက္ခရောက်အောင်လှေကိုမလှုပ်ယမ်းပါနှင့်။<br>၅။ ကြို၍ဟောကိန်းထုတ်နိုင်သူထံသို့သွားရောက်မေးမြန်းပါ။<br>၆။ ဘာကိုမှမလုပ်ဘဲဆုံးဖြတ်ချက်ချခြင်းကိုအခြားရွေးချယ်ရန်တစ်ခုမရှိမခြင်းအချိန်ဆွဲထားပါ။ |

– **ဆုံးဖြတ်ချက်ချခြင်း၏အကျိုးရလဒ်များ**
ဤကဲ့သို့သောအကြံဉာဏ်များဖြင့်အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည့်အချိန်တွင်မည်ကဲ့သို့ဆုံးဖြတ်ချက်ချနိုင်မည်နည်း။ သင့်ထံတွင်အခြားသောအကြံဉာဏ်များရှိသလား။

ဤအရာကိုကြည့်ခြင်းအားဖြင့်တစ်ခုခြင်းစီ၏ရလဒ်များကိုစဉ်းစားပါ။

၁. ကျွန်ုပ်တို့ဆုံးဖြတ်ချက်များချချိန်တွင်အခြားသူများမည်ကဲ့သို့ထင်မြင်ယူဆကြသည်မှာ–

- စိတ်လှုပ်ရှား၍ဆုံးဖြတ်ခြင်း၊ အကြောင်းအရာများအားလုံးမစဉ်းစားဘဲခံစားမှုတစ်ခုတည်းဖြင့်ဆုံးဖြတ်ခြင်း။
- အခြားသူများသည်သူတို့ကြိုက်နှစ်သက်ရာ(သို့)စိတ်ဝင်စားသည့်အရာများကိုသာစဉ်းစားကြသည်။ သူငယ်ချင်းများလည်းထူးခြားမှုမရှိကြပါ။
- ရိုးရာယဉ်ကျေးမှုဖြစ်သောကြောင့်ရွေးချယ်ခွင့်မရှိပါ။
- ဗေဒင်ဆရာဟောပြောရာတွင်လှည့်စားမှုများစွာကိုအသုံးပြုကြပြီးကျွန်ုပ်တို့နားထောင်လိုသည့်အရာများကိုစဉ်းစားဟောပြောကြသည်။
- မည်သည့်အရာကိုမျှမပြုလုပ်ပါနှင့်။ ဘာကိုမျှမလုပ်ဘဲထားခဲ့ပါ။
- ဘက်ပေါင်းစုံအကြိမ်ကြိမ်စဉ်းစားရန်လိုအပ်ပြီးဆုံးဖြတ်ချက်ချရာတွင်အချက်အလက်များနှင့်အကျိုးဆက်ရလဒ်ပေါ်တွင်မူတည်၍ပြုလုပ်ရမည်။

အကျိုးရလဒ်များသည်ကျွန်ုပ်တို့ကိုအထောက်ပံ့ဖြစ်စေသလား။ ထိုအရာများကြောင့်အခြားသူများနှင့်ကျွန်ုပ်တို့သည်သင်ယူနိုင်သလား။

– ဘက်ပေါင်းစုံမှစဉ်းစားခြင်းစွမ်းရည်ကိုဖွံ့ဖြိုးစေခြင်း။

(က) ဘက်ပေါင်းစုံမှစဉ်းစားသုံးသပ်ခြင်းဆိုသည်မှာအဘယ်နည်း။ လူအုပ်ကြီးအားထိုအဓိပ္ပါယ်ကိုမေးပါ။

၁၅မိနစ် ၂. ဘက်ပေါင်းစုံမှစဉ်းစားသုံးသပ်ဆုံးဖြတ်ခြင်းဆိုသည်မှာ– ပြဿနာတစ်ခုကိုကဏ္ဍပေါင်းစုံမှကြည့်ရှုသုံးသပ်ပြီးအချက်အလက်များ၊ အခြားတစ်ဖက် (အဘက်ဘက်)မှရလဒ်အဖြေများ၊အကျိုးဆက်များပေါ်တွင်မူတည်၍ဆုံးဖြတ်ခြင်းဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာလေ့လာ၍ကောင်းမွန်သောဆုံးဖြတ်ချက်များချ

မှတ်ခြင်းဖြစ်သည်။

(ခ) ABC ...အခြေခံသောဆုံးဖြတ်ချက်ချမှတ်သောအစီအစဉ်များ

(ABC ဖြင့်ဘာသာပြန်ဆိုခြင်းမရှိပါက လက်(၅)ချောင်းကိုဥပမာထား၍ သင်ကြားပါ) နံပါတ်(၅)လက်ချောင်းဖြင့်စတင်ပါ။ နံပါတ်(၄)လက်ချောင်းသည်ကျွန်ုပ်တို့၏အားနည်းမှုကိုကိုယ်စားပြုပြီးဘုရားထံမှအကူညီရရန်လိုအပ်ကြောင်းဖော်ပြသည်။ (လက်သီးဆုပ်ထားသည့်ပုံစံမှအခြားပုံစံသို့မပြောင်းလဲရန်) နံပါတ်(၃)လက်ချောင်းသည်အရည်အသွေးကိုဖော်ပြပြီးအရေးကြီးဆုံးအရာတစ်ခုဖြစ်သည်။ နံပါတ်(၂)လက်ချောင်းသည်လမ်းညွှန်ပြခြင်းကိုကိုယ်စားပြုပြီးအောင်မြင်ခြင်း(သို့)ကျရှုံးခြင်းကိုအကဲဖြတ်ပေးသည်။

(ခ) ABCDE အခြေခံသောဆုံးဖြတ်ချက်ချမှတ်ခြင်း

**၁။ အစီအစဉ်များ**

အခြားတစ်ဘက်ဘက်မှ(ဘက်ပေါင်းစုံမှ)ပြဿနာကိုချဉ်းကပ်ခြင်းအချက်အလက်များစုဆောင်းရန်နှင့်ရွေးချယ်နိုင်မည့်အရာများကိုစာရင်းပြုစုရန်။

**၂။ ယုံကြည်ခြင်း**

ကျွန်ုပ်တို့ထက်ပိုမိုခွန်အားကြီးသောသူထံမှခွန်အားယူပါ။ ဘုရားသခင်ထံမှအကူညီနှင့်လမ်းပြခြင်းကိုလက်ခံ၍ဘုရားသခင်ကိုအမှီပြုပါ။

**၃။ အကျိုးဆက်ရလဒ်များ**

ရွေးချယ်ခြင်းများ၏ရေရှည်နှင့်ရေတိုအကျိုးရလဒ်များကိုကြည့်ရန်။ ရုပ်ပိုင်း၊ လူမှုရေး၊ စိတ်ပိုင်း၊ ဝိညာဉ်ရေးတွင်ကျွန်ုပ်နှင့်အခြားသူများရွေးချယ်မှုကြောင့်အကျိုးရလဒ်အမြတ်နှင့်ဆုံးရှုံးမှုများကိုသိရန်။

**၄။ ဆုံးဖြတ်ချက်ချခြင်း**

ဆုံးဖြတ်ချက်ချရာတွင်စွန့်လွှတ်အနစ်နာခံလိုစိတ်ရှိပြီးကိုယ်ပိုင် (မိမိကိုယ်ပိုင်)ဆုံးဖြတ်ချက်များချမှတ်ပါ။ ဆုံးဖြတ်ချက်အတွက်တာဝန်ယူပါ။

## ၅။ ပြန်လည်စဉ်းစားဆင်ခြင်သုံးသပ်ခြင်း

လိုအပ်သလိုညှိနှိုင်းမှုများပြုလုပ်ပြီး
အနာဂတ်အတွက်ဆုံးဖြတ်ရာတွင်
အသုံးပြုပါ။

ကွဲပြားခြားနားစွာပြောင်းလဲ၍အင်တိုက်အားတိုက်
အလုပ်လုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းကိုကိုယ်
စားပြုသောမျဉ်းကြောင်းတစ်ကြောင်းကိုဆွဲပါ။
မျဉ်းနှစ်ဘက်တွင်ဖိအားပေးခြင်းနှင့်ဟန့်တား
ခြင်းကိုကိုယ်စားပြုသောမြှားများကိုဆွဲပါ။
ထိုမြှားတို့သည်မည်သည့်အရာကိုပုံဆောင်
နေသနည်း။

၃. ကျွန်ုပ်တို့၏ဘက်ပေါင်းစုံမှစဉ်းစားတွေးခေါ်
မှုစွမ်းရည်ကိုလက်တွေ့အသုံးပြုခြင်း။ အုပ်စုငယ်(၆)အုပ်
စုခွဲပါ။ အောက်တွင်ဖော်ပြထားသောအနာဂတ်အတွက်
စိတ်ကူး၍ဆုံးဖြတ်ရမည့်အကြောင်းအရာ(၆)ခုကိုအုပ်စုတစ်
ခုစီသို့ပေးပါ။ ABCDE အခြေခံ၍ဆုံးဖြတ်ချက်ကိုပြုလုပ်ပုံ
နှင့်မိမိသည်ယခုကဲ့သို့ဆုံးဖြတ်ချက်ချရန်အတွက်မည်ကဲ့သို့
ပြုလုပ်ပုံကိုလူအုပ်ကြီးအားရှင်းပြပါ။

(အဖွဲ့ငယ်များကြီးကိုစာရွက်များပေးပြီးထို
စာရွက်ကိုလေးထောင့်ပုံစံပိုင်းခြားပြီးအ
လယ်တွင်နံပါတ်(B)အတွက်စက်ဝိုင်းပုံစံ
ရေးဆွဲပါ။ အခြားလေးကွက်သည်အခြား
နံပါတ် (ACDE ) ကိုကိုယ်စားပြုသည်။

၄. အသုံးပြုရန်အကျဉ်းချုပ်
ဆုံးဖြတ်ချက်များပြုလုပ်ရာတွင်အချက်များအပေါ်တွင်
အခြေခံ၍စဉ်းစားဆုံးဖြတ်ခြင်းများ၊ လက်တွေ့အကျိုး
ဆက်များ၊ အားလုံးအတွက်အကောင်းဆုံးနည်းလမ်းကို
ရွေးချယ်လုပ်ကိုင်လိုသည့်ဆန္ဒရှိခြင်းများကိုသင်ယူရန်။
ကျွန်ုပ်တို့၏အပြုမူများဖြင့်အခြားသူများအားလွှမ်းမိုးရန်
ဆုံးဖြတ်နိုင်သည်။ သင်တို့ပြုလုပ်မည့်ဆုံးဖြတ်ချက်များ
အကြောင်းရေးပါ။

## ဆုံးဖြတ်ချက်များပြုလုပ်လာနိုင်ရန်အတွက်စိတ်ကူးဖြင့်ဆုံးဖြတ်ချက်များပြုလုပ်ခြင်း

၁။ ရွာတစ်ရွာရှိလယ်သမားမိသားစုတစ်စုသည်ကုန်ကျစရိတ်(ကုန်ဈေးနှုန်း)မြင့်မားမှုကြောင့်ကလေးများကိုကျောင်းထားနိုင်ရန်အတွက်အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ သူ၏ဇနီးသည် ကလေးများနှင့်သူ၏မိသားစုကိုထားခဲ့၍ကလေး၏ကျောင်းစရိတ်ကိုထောက်ပံ့နိုင်ရန်မြို့တွင်အလုပ်လုပ်ရန်စဉ်းစားခဲ့သည်။

၂။ အထည်အလိပ်စတိုးဆိုင်ပိုင်ရှင်သည်လုပ်ငန်းဆွေးနွေးပွဲတစ်ခုအတွက်သင့်ကိုစတိုးဆိုင်အပ်နှံ၍ထားခဲ့သည်။ သင်သည်ရောင်းဝယ်ရေးကိစ္စနှင့်ဘဏ္ဍာရှိအပ်နှံငွေများကိစ္စတွင်တာဝန်ရှိသူဖြစ်လာသည်။ ထိုအချိန်တွင်သင်၏ဝမ်းကွဲညီအစ်ကိုတော်စပ်သူတစ်ဦးသည်ရွာရှိဘောလုံးအသင်း၏ဝတ်စုံကိုအော်ဒါမှာလိုသဖြင့် သင့်ထံတွင်ဈေးနှုန်းများစွာလျှော့ပေးရန်တောင်းဆိုလာသည်။ သူသည်စုထားသောငွေမှအချို့ကိုပေးရန်ကမ်းလှမ်းလာသည်။ (လဘ်ထိုးခြင်း)

၃။ သင်သည်သင်၏ဦးလေးနှင့်အတူအလုပ်လုပ်နေသည်။ သို့သော်သင်၏ဦးလေးသည်လုပ်ငန်းမှငွေများအားလုံးယူသွားပြီးရွာမှမြို့သို့သွားရောက်အခြေချကာသင့်ကိုအကြွေးနှင့်ထားခဲ့သည်။ နှစ်ပေါင်းများစွာကြာလာသောအခါရွာသို့ပြန်လာပြီးသူ၏အမှားအတွက်တောင်းပန်ကာထိုအမှားအတွက်ခွင့်လွှတ်ရန်နှင့်အလုပ်တွင်အတူပြန် လုပ်လိုကြောင်းတောင်းဆိုလာသည်။ သင်သည်သူ့ကိုခွင့်လွှတ်မည်လော့။ (သို့)သင်သူနှင့်အတူလက်တွဲ၍အလုပ် ပြန်လုပ်မည်လား။

၄။ သင်သည်ကျောင်းဆရာ၊ မတစ်ဦးဖြစ်ပြီးထိုအချိန်ကလေးအမှတ်ကောင်းကောင်းရရန်လိုချင်သောမိဘနှစ်ပါးသည်ကသင့်ထံသို့ချဉ်းကပ်၍သင်၏လစာနှင့်ညီမျှသောငွေပမာဏကိုပေးရန်ကမ်းလှမ်းလာကြသည်။ သင့်ကိုကမ်းလှမ်းသောမိဘနှစ်ဦးသည်ယခင်ကသင့်၏လုပ်ဖော်ကိုင်ဖက်များဖြစ်ပြီးလူမှုဝန်းကျင်တွင်သြဇာအာဏာရှိသောသူများဖြစ်ခဲ့ကြသည်။ သင်သည်သင်၏အိမ်ခေါင်မိုးပြင်ရန်ငွေလိုအပ်နေပြီးမည်သူတစ်ဦးတစ်ယောက်မျှဤအကြောင်းကိုသိမည်မဟုတ်ချေ။

၅။ သင်၏သူငယ်ချင်းတစ်ဦးသည်သူ၏ဇနီးအားလှည့်ဖြားပြီးအခြားအမျိုးသမီးများနှင့်ပျော်ပါးနေကြောင်းသင်သိရှိထားသည်။ သင်၏သူငယ်ချင်းသည်ရောဂါကူးစက်ခံရပြီးသူ့မိသားစုထံသို့ရောဂါဆက်လက်ပြန့်ပွါးလာမည်ကိုစိုးရိမ်သော်လည်းသင်သည်သူငယ်ချင်းကိုမိတ်ဆွေအဖြစ်မှဆုံးရှုံးရမည်မှာအလိုမရှိပေ။ သူ့ထံ သို့တိုက်ရိုက်ပြောဆိုဖျောင့်ဖျမည်လော(သို့)အခြားမည်သည့်နည်းလမ်းကိုရှာကြံမည်နည်း။

၆။ သင်သည်လူတစ်ယောက်ကိုလူကုန်ကူးသူဟုသံသယရှိပြီးထိုသူသည်ရွာသို့မကြာခဏရောက်လာတတ် ပြီးအမျိုးသမီးများကိုမြို့တွင်အလုပ်လုပ်ရန်စွဲဆောင်ဖြားယောင်းလေ့ရှိသည်။ ရွာရှိမိဘများသည်သူတို့၏သမီးများကိုထိုသူခေါ်ဆောင်သွားရန်ခွင့်ပြုခြင်းဖြင့်ငွေကြေးအချို့ကိုရရှိသောကြောင့်ထိုကိစ္စအတွက်ဝမ်းမြောက်ပုံပေါ်ကြသည်။

လူကုန်ကူးမှုအကြောင်းကိုနားလည်သဘောပေါက်ပြီးအံ့သြဖွယ်ကောင်းသောထိုသူ၏အကြောင်းကိုလူကုန်ကူးသူများဘက်မှအန္တရာယ်ပေးမှုမရှိအောင်စွန့်စားမှုမပြုဘဲလူများကိုသင်မည်ကဲ့သို့သတိပေးသင့်သနည်း။